## ဓမ္မခန္ဓာ (၃၇) “လျာထားခံရသူများ” (ဆွဖာတ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၈။ သုတ်ဒေသနာ– ၁၈၂ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁း၁

| | |
|---|---|
| ၁။ | **وَالصَّافَّاتِ صَفًّا** ۞<br>ဝါစဉ်အလိုက် လျာထားခံရသူများ– |
| ၂။ | **فَالزَّاجِرَاتِ زَجْرًا** ۞<br>အော်ဟောက်သူများက အော်ဟောက်ခြင်းအားဖြင့်– |
| ၃။ | **فَالتَّالِيَاتِ ذِكْرًا** ۞<br>သတိပေးတရားတော်အား ရွတ်ဖတ်သူများ– အားဖြင့် |
| ၄။ | **إِنَّ إِلَهَكُمْ لَوَاحِدٌ** ۞<br>သင်တို့၏ ဘုရားရှင်မှာ တစ်ဆူတည်း ဖြစ်၏။ |
| ၅။ | **رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا وَرَبُّ الْمَشَارِقِ** ۞<br>မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိရာတို့၏ ကံကြမ္မာရှင် ဖြစ်၏၊ နေထွက်ရာတို့၏ ကံကြမ္မာရှင် ဖြစ်၏။[၈၆၇] |
| ၆။ | **إِنَّا زَيَّنَّا السَّمَاء الدُّنْيَا بِزِينَةٍ الْكَوَاكِبِ** ۞<br>ငါအရှင်သည် လောကီ ကောင်းကင်အား စွဲမက်စရာများ ဂြိုလ်များဖြင့် ဖမ်းစားထားစေ၏။ |
| ၇။<br>☆၂း၂၄ | **وَحِفْظًا مِّن كُلِّ شَيْطَانٍ مَّارِدٍ** ۞<br>၎င်းကို ထကြွနေသော မကောင်းဆိုးဝါး☆ကိုယ်စီမှ ကာကွယ်စောင့်ရှောက်ထား၏။[၈၆၈] |

---

(၈၆၇) ကျမ်းတော်တွင် နေထွက်ရာ (အရပ်) များကို အများကိန်းဖြင့် မကြာခဏ ပြောဆိုပေသည်။ အလားတူ နေဝင်ရာ (အရပ်)များကိုလည်း အများကိန်းဖြင့် မကြာခဏ ပြောဆိုပေသည်။ ဆိုလိုသည်မှာ အာကာသ ကိုယ်ထည်ကို ပြောဆိုခြင်း ဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ပြောထားသော ကျမ်းမြတ် ကုရ်အာန်တွင် သာမန် အရပ်သားများ သိထား သကဲ့သို့ နေသည် အရှေ့ဘက်မှ ထွက်၍ အနောက်ဘက်မှ ဝင်သွားသည်ဟု ပြောဆိုထားခြင်း လုံးဝ မရှိချေ။ နေသည် သာမာန်အရပ်သားများ ထင်ထားဘိသကဲ့သို့ ဝင်သွားသည်ဟု ထွက်လာသည်ဟု မရှိချေ၊ နေသည် သူ့လမ်းကြောင်းပေါ်တွင် အမြဲရှိနေ၍–(၃၆း၄၀) ကမ္ဘာ၏ လည်ပတ်ခြင်းပေါ်၌သာ နေ့နှင့်ည ဖြစ်ပေါ်နေရပေသည်။ ဤသုတ်တော်မှ ပြောဆိုသော နေထွက်ရာများ ဆိုသည်မှာ ကမ္ဘာ့အရိပ် လွတ်သော နေ၏ အလင်းရောင် အမြဲရှိနေသည့် အာကာသ ကိုယ်ထည်အား ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ၎င်းကို ဆက်လက်ဖော်ပြပါ သုတ်တော် (၆)၌ ထင်ရှားစွာ တွေ့ရပေသည်။

(၈၆၈) မကောင်းဆိုးဝါးများ ဆိုသည်မှာ လူသားများပင် ဖြစ်၍၊ ရှေးပဝေဏီသီမှ ခေတ်နောက်ကျနေသော ကျမ်းအို ကျမ်းပျက် မိရိုးဖလာများကို ဖက်တွယ်လျက် လူသားတို့အား ဦးဆောင်မှုပေးနေသော ဘာသာရေး ခေါင်းဆောင်များကို ဆိုလိုပေသည်၊ ၂း၁၀။ ၃၄း၄၁။ ထိုသူတို့သည် အာကာသမှ ကြယ် နက္ခတ်တို့ကို ကြည့်၍ ဗေဒင် တွက်ချက်နေခြင်းဖြင့်သာ အချိန်ကုန်နေ၍– အမှန်တကယ် နက္ခတ်တာရာတို့ သဘောတရား အမှန်ကို သိနိုင်ခြင်းမှ ကာဆီးခံနေရပေသည်။ သူတို့၏ ပညာရပ်များမှာ လူသားအများ အသိဉာဏ် ပွင့်လာလေလေ တန်ပြန်စေကြောခြင်း ခံရလေလေ ဖြစ်ကြောင်း သုတ်တော် အမှတ် (၈) တွင် အတိအကျ ပြောဆို ထားပေသည်။

| | |
|---|---|
| ၈။<br>☆၃၇း၆၉ | **لَا يَسَّمَّعُونَ إِلَى الْمَلَإِ الْأَعْلَى وَيُقْذَفُونَ مِن كُلِّ جَانِبٍ۞**<br>၎င်းတို့သည် အထွင့်အထိပ်မှ ရှိသော အကြံပေးတို့အား ကြားနာနိုင်သည် မဟုတ်ချေ၊ သူတို့အား နံဘေးကိုယ်စီမှ ဝန်ပိနေစေ၏။☆ |
| ၉။ | **دُحُورًا وَلَهُمْ عَذَابٌ وَاصِبٌ۞**<br>ပစ်ပယ်ပစ်လေ့၊ သူတို့အတွက် ဝဋ်ကြွေး အနှစ်သည် ရှိနေ၏။[၈၆၉] |
| ၁၀။ | **إِلَّا مَنْ خَطِفَ الْخَطْفَةَ فَأَتْبَعَهُ شِهَابٌ ثَاقِبٌ۞**<br>သုတ်ကနဲ လစ်ထွက်သွားသူကိုသာ၊ သူ့နောက်သို့ ဖေါက်ထွင်းသော မီးဒုံးသည် လိုက်၏။[၈၇၀] |
| ၁၁။ | **فَاسْتَفْتِهِمْ أَهُمْ أَشَدُّ خَلْقًا أَم مَّنْ خَلَقْنَا إِنَّا خَلَقْنَاهُم مِّن طِينٍ لَّازِبٍ۞**<br>"ငါအရှင်၏ ဖြစ်တည်ပေးခြင်းများထက် သို့တည်းမဟုတ် ၎င်းတို့အား ဖြစ်တည်စေခြင်းထက် ပိုမိုအားစိုက်ရသလော၊" ဟု သူတို့အား မေးခွန်းထုတ်လေ့၊ ငါသည် သူတို့အား စီးကပ်သော မြေမှ ဖြစ်တည်စေ၏။[၈၇၀] |
| ၁၂။ | **بَلْ عَجِبْتَ وَيَسْخَرُونَ۞**<br>အမှန်မှာ၊ သင် အံ့သြရမည်မှာ–သူတို့ ပျက်ရယ်ပြုလျှင်၊ |
| ၁၃။ | **وَإِذَا ذُكِّرُوا لَا يَذْكُرُونَ۞**<br>သူတို့အား သတိဖေါ်ပေးသောအခါ– သတိမမူကြလျှင်၊ |
| ၁၄။ | **وَإِذَا رَأَوْا آيَةً يَسْتَسْخِرُونَ۞**<br>သူတို့အား သုတ်ဒေသနာအား မြင်စေသောအခါ– ပျက်ရယ်ပြုကြလျှင်၊– ဖြစ်၏။ |
| ၁၅။ | **وَقَالُوا إِنْ هَذَا إِلَّا سِحْرٌ مُّبِينٌ۞**<br>သူတို့က ပြောကြသည်မှာ "ဤသည်– ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၍၊ |

---

**(၈၆၉)** ထိုရှေးဟောင်း သူများက ဤစကြာဝဠာအား ဖြစ်တည်ပေးသော မူလဇစ်မြစ်ရှင် ဟူ၍ မရှိ၊ မိမိ၏ (သတ္တဝါတို့၏) စိတ်အင်အားကြောင့်သာ ဖြစ်သည်ဟု မိမိစိတ်ကိုသာ ညှင်းဆဲလျှက် ဘဝ၏ လွတ်မြောက်ခြင်းကို ရှာကြံနေကြပေသည်။ အစကို မသိဘဲ အဆုံးစွန် ဆိုသည်ကို ရှာကြံနေခြင်းမှာ သူတို့၏ အတွင်းစိတ်ကိုသာ ညှင်းဆဲနေခြင်း သို့မဟုတ် အတွင်း ဝဋ်ဒုက္ခသင့်နေခြင်းသာ ဖြစ်တော့သည်ဟု ကျမ်းတော်က ဆိုပေသည်။

**(၈၇၀)** ထိုသူတို့၏ အယူများမှာ ဒသန အားနည်းလာသည်ကို သိ၍– ဆွေးနွေးခြင်း မရှိဘဲ လစ်ထွက်သွားသူများအား သူတို့၏ သားစဉ်မြေး ဆက်များမှ ပညာတတ်များက မေးမြန်းလာခြင်းသည် သူတို့အတွက် မီးအပူကဲ့သို့ ဖြစ်ရ၍ ၎င်းမှာ သူတို့၏ နောက်သို့ အလင်းအလျှင် လိုက်သကဲ့သို့ ကပ်လိုက်လာပေတော့မည်။

**(၈၇၀)** ဖန်ဆင်းခြင်း (ဖြစ်တည်ပေးခြင်း) သဘောတရားကို မယုံကြည် လက်မခံသူများမှာ ယခုခေတ်တွင်မှ ပေါ်ပေါက်လာခြင်း မဟုတ်ချေ၊ အစ္စလာမ် သာသနာ မပေါ်မီကတည်းက ရှိနေ၍၊ အစ္စလာမ် သာသနာပေါ်လာသော အခါတွင်လည်း ၎င်းတို့မှာ အလွန် အားကောင်းကြောင်း ကျမ်းတော်တွင် မကြာခဏ ဖေါ်ပြပေသည်။ အစ္စလာမ်သာသနာက ထိုလူသားများအား ဖန်ဆင်းခြင်း သဘောတရားကို ရှင်းပြရာ၌ စကြာဝဠာ ဖြစ်တည်စေပုံကို မကြာခဏကိုးကား၍– သက်သေပြ ရှင်းပြပေသည်၊ စကြာဝဠာတစ်ခုလုံး ဖြစ်တည်လာပုံကို သက်သေပြခြင်းမှာ လူသား ဆိုသည့် အရာနှင့် နှိုင်းယှဉ်လျှင် စကြာဝဠာကြီးမှာ မနှိုင်းယှဉ်လောက်အောင် ကြီးကျယ်သောကြောင့် ဖြစ်သည်၊ ထိုကဲ့သို့ ကြီးကျယ်သော အရာသည်ပင် ဖြစ်တည်ခံ ဖြစ်လျှင် ထို၌ မှီတည်နေရသော လူသား ဆိုသည်မှာ ပြောလောက်ဘွယ် မရှိချေ– သို့သော် လူသားသည် အမြဲ ဝိဇ္ဇာစီးလျှက် မိမိကိုယ် မိမိ မသုံးသပ်သည်က များပေသည်။ ယခုခေတ်တွင် အာကာသရေးရာ သုတေသီများ၊ ကမ္ဘာကျော် ပညာရှင်ကြီးများ၊ နိုင်ငံရေးသမားများ၊ သတင်းစာ နယ်ဇင်းသမားများ၊ ခန္ဓာဗေဒဆိုင်ရာ ပါမေက္ခကြီးများ အပါအဝင် များစွာသော ပညာတတ် လူတန်းစားများမှ သူတို့ မိရိုးဖလာမှ မှန်းတီးလှပါသည် ဟု ဆိုသော အစ္စလာမ်သာသနာသို့ အစုလိုက် အပြုံလိုက် တိုး၍တိုး၍ ဝင်လာနေတော့သည်။ ကွန်မြူနစ်စနစ်၏ အကူအညီဖြင့် ဖန်ဆင်းရှင် မရှိ ဟူသော ဝါဒအား ရပ်တည်ခဲ့သော ဆရာတော်ကြီးများသည် တကယ့်လက်တွေ့ သုတေသီတို့၏ ဖန်ဆင်းရှင် ရှိသည်ဟု ထုတ်ဖေါ်လာခြင်းများကို ကာကွယ်ထားနိုင်စွမ်း မရှိတော့ချေ။ ဤသုတ်တော်မှ **ငါသည် သူတို့အား တွယ်ကပ်သော မြေမှ ဖြစ်တည်စေခဲ့သည်** ဟု ဆိုထားသော ဝါကျမှ **သူတို့အား** ဆိုသည်မှာ သုတ်တော် (၁)မှ (၁၀)ထိ ဆရာတော်ကြီးများ ပြောနေသည့် **မလာအိကာဟ်**များ။ **ရှိုင်တွန်** များအားလုံး အကြုံးဝင်ပေသည်။

| | |
|---|---|
| ၁၆။ | أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ۞<br>ကျွန်ုပ်တို့ သေကြေပြီးသော် မြေမှုန့်များ အရိုးများ ဖြစ်ပြီးမှ ပြန်လည် နိုးထရမည်လော၊ |
| ၁၇။ | أَوَآبَاؤُنَا الْأَوَّلُونَ۞<br>သို့မဟုတ် ကျွန်ုပ်တို့၏ ရှေးဦးပထမ ဘဘိုးများသည်ကော၊”ဟု ဖြစ်၏။ |
| ၁၈။ | قُلْ نَعَمْ وَأَنتُمْ دَاخِرُونَ۞<br>“မှန်၏၊ သင်တို့သည် ဝပ်တွားနှိမ့်ချရမည်တည်း၊”ဟု ပြန်ပြောလော့။ |
| ၁၉။ | فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ فَإِذَا هُمْ يَنظُرُونَ۞<br>ယင်းမှာ– အော်ဟောက်သံ တစ်ခုမျှသာ ဖြစ်၏။ ထိုအချိန်တွင် သူတို့ ကြည့်နေရလတ္တံ့။[၈၇၂] |
| ၂၀။ | وَقَالُوا يَا وَيْلَنَا هَذَا يَوْمُ الدِّينِ۞<br>“ကျွန်ုပ်တို့များနယ်၊ ဤသည် စီရင်ချက်ချသော နေ့ကာလပါတကား၊”ဟု ညည်းညူရလတ္တံ့။ |
| ၂၁။ | هَذَا يَوْمُ الْفَصْلِ الَّذِي كُنتُمْ بِهِ تُكَذِّبُونَ۞<br>ဤသည် သင်တို့ ငြင်းဆန်လေ့ရှိခဲ့သော ရှင်းလင်းဆုံးဖြတ်သည့် နေ့ကာလပင်တည်း။ |
| ၂၂။<br>☆၃၃း၂၈ | احْشُرُوا الَّذِينَ ظَلَمُوا وَأَزْوَاجَهُمْ وَمَا كَانُوا يَعْبُدُونَ۞<br>မိုက်ကြေးခဲ့သောသူတို့နှင့် သူတို့၏ စုဖွဲ့ဖေါ်များ၊☆ သူတို့ကိုးကွယ်ခဲ့လေ့ရှိသည်များကို စုစည်းမည်ပင်။ |
| ၂၃။ | مِن دُونِ اللَّهِ فَاهْدُوهُمْ إِلَى صِرَاطِ الْجَحِيمِ۞<br>ပရမတ်ဘုရားရှင် မှလွဲ၍၊ သူတို့အား ငရဲမီး လမ်းဆီသို့ ညွှန်ခဲ့သည်ချည်း ဖြစ်၏။ |
| ၂၄။ | وَقِفُوهُمْ إِنَّهُم مَّسْئُولُونَ۞<br>ရပ်တန်းကရပ်စေ၍ သူတို့အား စစ်ဆေးမေးမြန်းမည်မှာ– |
| ၂၅။ | مَا لَكُمْ لَا تَنَاصَرُونَ۞<br>“သင်တို့အား အဘယ်အရာက မကူညီစေနိုင်သနည်း၊”ဟု ဖြစ်၏။ |
| ၂၆။ | بَلْ هُمُ الْيَوْمَ مُسْتَسْلِمُونَ۞<br>အမှန်မှာ ထိုနေ့ကာလ၌ သူတို့အား တိတ်ဆိတ်ငြိမ်သက်စေ၍၊ |
| ၂၇။ | وَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ۞<br>သူတို့မှ အချို့သည် အချို့ထံသို့ ရှေ့တိုးလာလျှက် မေးမြန်းကြမည်မှာ– |
| ၂၈။ | قَالُوا إِنَّكُمْ كُنتُمْ تَأْتُونَنَا عَنِ الْيَمِينِ۞<br>“သင်တို့သည် ကျွန်ုပ်တို့ထံသို့ အားသန်ရာဘက်မှ ချည်းကပ်ရောက်လာလေ့ရှိခဲ့၏၊”ဟု ပြောဆိုခြင်း ဖြစ်၏။[၈၇၃] |

(၈၇၂) လောက စကြာဝဠာ အပေါင်းအား ဖြစ်တည်စေသည့် ပရမတ်ဘုရားရှင်ဟူသည် ရှိ၏ဟု ပညာရှင်များ၏ သက်သေပြချက်ကြီး ထွက်ပေါ်လာသောကာလတွင် သဘာဝတရားကြောင့် ဖြစ်ရသည် ဟု ဆိုသော သူတို့မှ မပြောနိုင် မဆိုနိုင် ကြက်သေသေ၍ ကြည့်နေရမည်ပင် ဖြစ်၏။
(၈၇၃) ပရမတ်ဘုရားရှင် မရှိဟု ဖုံးကွယ်ထားသူတို့မှာ ဘုရားမဲ့ဝါဒီ ဘယ်ယိမ်းများသာ ဖြစ်၏၊ သို့သော် သူတို့သည် ဘုရားတရားအား ကြည်ညို လေးစား လိုသော လူထုအား လှည့်စားရန် သူတို့ကိုယ် သူတို့ ဘာသာတရားကို လက်ခံသော ညာယိမ်းများကဲ့သို့ ချည်းကပ်ခဲ့ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂၉။ | **قَالُوا بَل لَّمْ تَكُونُوا مُؤْمِنِينَ** ۝<br>သူတို့ ပြန်ပြောကြသည်မှာ “အမှန်မှာ၊ သင်တို့ကိုယ်တိုင် ယုံကြည်ခဲ့သူများ မဖြစ်ခဲ့၊– |
| ၃၀။ | **وَمَا كَانَ لَنَا عَلَيْكُم مِّن سُلْطَانٍ بَلْ كُنتُمْ قَوْمًا طَاغِينَ** ۝<br>ကျွန်ုပ်တို့မှာ သင်တို့အပေါ်၌ ဩဇာအာဏာ မရှိချေ။ အမှန်မှာ သင်တို့သည် စည်းဖျက်သော လူမျိုးသာ ဖြစ်၏။ |
| ၃၁။ | **فَحَقَّ عَلَيْنَا قَوْلُ رَبِّنَا إِنَّا لَذَائِقُونَ** ۝<br>ကံကြမ္မာရှင်၏ တရားတော်သည် သစ္စာတရားပင် ဖြစ်၏။ ကျွန်ုပ်တို့ မြည်းစမ်းရမည်ပင်– |
| ၃၂။ | **فَأَغْوَيْنَاكُمْ إِنَّا كُنَّا غَاوِينَ** ۝<br>ကျွန်ုပ်တို့ကိုယ်တိုင် တိမ်းပါးသူများ ဖြစ်ခြင်းကြောင့်၊ သင်တို့အား တိမ်းပါးစေခဲ့ပြီ၊”ဟု ဖြစ်၏။[၈၇၄] |
| ၃၃။ | **فَإِنَّهُمْ يَوْمَئِذٍ فِي الْعَذَابِ مُشْتَرِكُونَ** ۝<br>ထို့ကြောင့် ထိုနေ့ကာလ၌ သူတို့အားလုံး ရောပြွန်းလျက် ဝဋ်ကြွေးကိုခံရစေ၏။ |
| ၃၄။ | **إِنَّا كَذَٰلِكَ نَفْعَلُ بِالْمُجْرِمِينَ** ۝<br>ဤကဲ့သို့ ရာဇဝတ်ကောင်တို့အတွက် ငါ စီမံတော်မူ၏။ |
| ၃၅။ | **إِنَّهُمْ كَانُوا إِذَا قِيلَ لَهُمْ لَا إِلَٰهَ إِلَّا اللَّهُ يَسْتَكْبِرُونَ** ۝<br>သူတို့အား “ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊”ဟု ပြောသောအခါ၊ သူတို့သည် မာနတက်နေကြ၍၊ |
| ၃၆။ | **وَيَقُولُونَ أَئِنَّا لَتَارِكُوا آلِهَتِنَا لِشَاعِرٍ مَّجْنُونٍ** ۝<br>“ကဗျာဆရာ အရူးတစ်ယောက်ကြောင့် ကျွန်ုပ်တို့၏ ဘုရားများကို ချန်ထားရမည်လော၊”ဟု ဆိုကြ၏။[၈၇၅] |
| ၃၇။ | **بَلْ جَاءَ بِالْحَقِّ وَصَدَّقَ الْمُرْسَلِينَ** ۝<br>အမှန်မှာ သူသည် ပရမတ္ထသစ္စာဖြင့် ရောက်လာပြီ။ ဉာဏ်စဉ်ဆောင်အပေါင်းကိုလည်း ဖြောင့်မှန်ကြောင်းပြ၏။ |
| ၃၈။ | **إِنَّكُمْ لَذَائِقُو الْعَذَابِ الْأَلِيمِ** ۝<br>စူးနစ်နာကျင်သော ဝဋ်ကြွေးအား သင်တို့ ကေန် မြည်းစမ်းကြကုန်လော့။ |
| ၃၉။ | **وَمَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ** ۝<br>သင်တို့ ကျင့်ကြံခဲ့သည်မှ အပ အခြား အစားပေးခံရမည် မဟုတ်ချေ။ |

(၈၇၄) မျိုးရိုးစဉ်ဆက် လိမ်လည်လာခဲ့ခြင်းကြောင့် သူတို့ကိုယ်တိုင် မှားနေခြင်းကို အမှန်ဟု ထင်နေပေသည်၊ ထို့ကြောင့် သူတို့အမှန်ဟု ထင်နေသည့် အမှားတရားအား အခြားလူများ အပေါ်၌ စေတနာထားကာ ဒသနတည်ဆောက် လမ်းပြနေခြင်းများ ဖြစ်ပေသည်။

(၈၇၅) ကိုယ်တော်မုဟမ္မဒ်သည် ကမ္ဘာ့လူသားထုကြီး တစ်ရပ်လုံးအတွက် အလွန် ကျေးဇူးကြီးမားလှပေသည်။ လူပုဂ္ဂိုလ်ကိုးကွယ်ရေးကို အားသန်နေသော လူသားတို့အား “**လာအိလာဟ အိလ္လော်ဟ်**– ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားဟု မရှိ၊” ဟူ၍ ယတိပြတ်ကြေငြာ၍၊ အခြားသော သတိမရသေးသည့် လူသားများအား သတိဖေါ်ပေးသော အနေဖြင့် ကမ္ဘာ့ မွတ်ဆလင် တစ်ရပ်လုံးကိုလည်း ဤစာပိုဒ်ကလေးအား နေ့စဉ်ရက်ဆက် ကြေးကြော်စေခဲ့ပေသည်၊ ကိုယ်တော်မုဟမ္မဒ်အနေဖြင့် ပုဂ္ဂိုလ်ရေးကိုးကွယ်ခံယူလိုက ပုဂ္ဂိုလ်ရေးကိုးကွယ်ခံရခြင်းကို အချိန်မရွေးထူထောင်နိုင်သော်လည်း– ထိုကဲ့သို့ ပုဂ္ဂိုလ်ရေးကိုးကွယ်ခံမှုကို မထူထောင်ခဲ့ခြင်း အတွက် “အရူး” ဟုပင် စွပ်စွဲခံခဲ့ရပေသည်။ ကမ္ဘာ့ ဘာသာရေးသမားတို့မှာ ဘုရားရှိပါသည်ဟု ကြွေးကြော်နေသော်လည်း– မိမိတို့အား ပုဂ္ဂိုလ်ရေး ကိုးကွယ်ခံရခြင်းအား အရောင်မှိန်မသွားစေရန်– အမှန်တကယ် ကိုးကွယ် ယုံကြည်ရမည့် ပရမတ်ဘုရားအား နောက်ကွယ်၌ ထိန်ဝှက်ထားသည်က များပေသည်။

| | |
|---|---|
| ၄၀။ | **إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ** ۝<br>ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်သူတို့သာ– ကင်း၏။ |
| ၄၁။ | **أُوْلَئِكَ لَهُمْ رِزْقٌ مَّعْلُومٌ** ۝<br>ထိုသူများအတွက် အသိပေးပြီး ရိက္ခာတို့မှာ– |
| ၄၂။ | **فَوَاكِهُ وَهُم مُّكْرَمُونَ** ۝<br>သစ်သီးဝလံများ– ဖြစ်၏။ သူတို့အား ဘိသိက်မြှောက်ပေးမည်မှာ– |
| ၄၃။ | **فِي جَنَّاتِ النَّعِيمِ** ۝<br>ဂုဏ်ပေးထားသော သုခဘုံများရှိ၊ |
| ၄၄။ | **عَلَى سُرُرٍ مُّتَقَابِلِينَ** ۝<br>ဇိမ်ခံခုံများပေါ်၌ အချင်းချင်း မျက်နှာချင်းဆိုင်လျှက် ဖြစ်၏။ |
| ၄၅။ | **يُطَافُ عَلَيْهِم بِكَأْسٍ مِن مَّعِينٍ** ۝<br>စမ်းရေ ခွက်ဖြင့် သူတို့ထံသို့ လှည့်လည်ပေး၍– |
| ၄၆။ | **بَيْضَاء لَذَّةٍ لِّلشَّارِبِينَ** ۝<br>သောက်သုံးသူတို့အတွက် ဖြူစင် အရသာ ရှိစေ၏။ |
| ၄၇။ | **لَا فِيهَا غَوْلٌ وَلَا هُمْ عَنْهَا يُنزَفُونَ** ۝<br>ထို၌ ခေါင်းမူးစေခြင်း မရှိ၊ ၎င်းတို့သည် ပျို့အံစေခြင်းလည်း မရှိချေ။ |
| ၄၈။ | **وَعِندَهُمْ قَاصِرَاتُ الطَّرْفِ عِينٌ** ۝<br>သူတို့၏ ထံပါး၌ ရှိသော မျက်ရိပ်မျက်ခြည် တည်တံ့သူတို့သည် မျက်လုံးများကို– |
| ၄၉။<br>အဖြူထည် | **كَأَنَّهُنَّ بَيْضٌ مَّكْنُونٌ** ۝<br>ကွဲတတ်သည့် ဥကဲ့သို့ ကာကွယ်ထား၏။[၈၇၆] |
| ၅၀။ | **فَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ** ۝<br>သူတို့မှ အချို့သည် အချို့သို့ ရှေ့တိုးလာလျှက် မေးမြန်းကြသော်– |
| ၅၁။ | **قَالَ قَائِلٌ مِّنْهُمْ إِنِّي كَانَ لِي قَرِينٌ** ۝<br>သူတို့မှ ပြောရေးဆိုခွင့် ရှိသူက ပြောသည်မှာ "ကျွန်ုပ်၌ အဆက်အနွယ် တစ်ဦး ရှိ၍၊ |

(၈၇၆) ဤသုတ်တော်များမှ စောင့်ထိန်းသော မျက်လုံးများကို ဣတ္ထိလိင်ဖြင့် ဖေါ်ပြသောကြောင့် သုတ်တော် ၄၈ တွင် ဖေါ်ပြသော ထိုကုသိုလ် အကျိုးကို ခံစားရမည့် သူများအတွက် အဖေါ်မှာ နတ်ကညာများဟု အဓိပ္ပါယ်သက်ရောက်စေမည့် အမျိုးသမီးများ ဖြစ်ရမည်ဟု မသုံးသပ်သင့်ပေ။ ထိုနာမ်စားမှာ ဖေါ်ပြပါ မျက်လုံးအမျိုးအစားကို ဖေါ်ပြသည့် အသုံးအနှုံးသာ ဖြစ်၍၊ စက္ခုအိန္ဒြေတည်ငြိမ်မှုကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ ရုပ် ခန္ဓာနှင့် ဉာဏ်ခန္ဓာအား ထပ်တူပြု မခံစားသင့်ချေ၊ ဤမျက်လုံး ပိုင်ရှင်များကို မဖေါ်ပြမှီ သုခဘုံသားတို့အား ဖေါ်ပြခြင်း ဖြစ်သည့် စကား **သူတို့တွင်** ဆိုသည်မှာ အမျိုးသား အမျိုးသမီး အကုန်ပါဝင်နေပေသည်။ သုခဘုံတွင် အမျိုးသား တစ်မျိုးတစ်စားသည်သာ ခံစားရမည်ဟု ကျမ်းတော်၏ မည်သည့် နေရာတွင်မှ မဆိုပေ။ ထို့ကြောင့် သူတို့၏ အဖေါ်များဆိုသည်မှာလည်း ထိုသုခဘုံသား အမျိုးသား အမျိုးသမီးအပေါင်းတို့၏ အဖေါ် အမျိုးသား အမျိုးသမီး အားလုံးကို ဆိုလိုခြင်း ဖြစ်ပေသည်။ (၄၈း၅၂)။

| | |
|---|---|
| ၅၂။ | يَقُولُ أَئِنَّكَ لَمِنَ الْمُصَدِّقِينَ۞<br>၎င်းက ဆိုသည်မှာ– သင်သည် ဖြောင့်ဖြောင့်မှန်မှန်ပင်– |
| ၅၃။ | أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَدِينُونَ۞<br>ကျွန်ုပ်တို့ သေ၍၊ မြေမှုန့်များ အရိုးများ ဖြစ်ပြီးသော်၊ ကျွန်ုပ်တို့အတွက် စီရင်ချက်ရှိသည်ဟု ဆိုသလော–၊’’ဟု ဖြစ်၏။ |
| ၅၄။ | قَالَ هَلْ أَنتُم مُّطَّلِعُونَ۞<br>သူက သင်တို့အား ဖေါ်ထုတ်ပြရမည်လော ဟု ဆို၍၊ |
| ၅၅။ | فَاطَّلَعَ فَرَآهُ فِي سَوَاءِ الْجَحِيمِ۞<br>သို့ဖြင့် ပုံစံကျပြီး ငရဲမီးထဲ၌ ထွက်ပေါ်လာသည်ကို မြင်ရ၏။ |
| ၅၆။<br>ငရဲသား | قَالَ تَاللَّهِ إِنْ كِدتَّ لَتُرْدِينِ۞<br>သူက ပရမတ်ဘုရားရှင်အား တိုင်တည်၍ ပြောသည်မှာ ‘‘**သင်သည်** ကျွန်ုပ်အား ကျဆုံးစေတော့မလို ဖြစ်၏၊– |
| ၅၇။ | وَلَوْلَا نِعْمَةُ رَبِّي لَكُنتُ مِنَ الْمُحْضَرِينَ۞<br>အရှင်သည်သာ ကျွန်ုပ်အား ဂုဏ်မပေးခဲ့လျှင်၊ ကျွန်ုပ်သည် ဆင့်ခေါ်ခံသူတို့မှ ဖြစ်ရလတ္တံ့၊–[၈၇၇] |
| ၅၈။ | أَفَمَا نَحْنُ بِمَيِّتِينَ۞<br>ကျွန်ုပ်တို့သည် မသေရတော့ပြီလော၊ |
| ၅၉။ | إِلَّا مَوْتَتَنَا الْأُولَى وَمَا نَحْنُ بِمُعَذَّبِينَ۞<br>ပထမအကြိမ်သေခြင်းသာ ရှိသလော၊ ကျွန်ုပ်တို့သည် ဝဋ်ကြွေးသင့်မည့်သူများ မဟုတ်ပြီလော၊’’ဟု ဖြစ်၏။ |
| ၆၀။ | إِنَّ هَذَا لَهُوَ الْفَوْزُ الْعَظِيمُ۞<br>ကေန်ပင် ဤသည် မဟာ အောင်ပွဲမှာ– |
| ၆၀။ | لِمِثْلِ هَذَا فَلْيَعْمَلْ الْعَامِلُونَ۞<br>ဤသို့ ကျင့်ကြံစေခြင်းအား ကျင့်ကြံသူများအတွက် ဥပမာပင် ဖြစ်၏။ |
| ၆၂။ | أَذَلِكَ خَيْرٌ نُّزُلًا أَمْ شَجَرَةُ الزَّقُّومِ۞<br>ဤသို့ စံစားရမှုအဆင့်ဆင့်သည် ပိုကောင်းသလော၊ သို့တည်းမဟုတ် ပဒိုင်းပင်ကို လိုသလော၊[၈၇၈] |
| ၆၃။ | إِنَّا جَعَلْنَاهَا فِتْنَةً لِّلظَّالِمِينَ۞<br>ကေန်ပင် ငါသည် ၎င်းကို အမိုက်ကောင်များ အတွက် စမ်းသပ်ဘို့ရာ စီစဉ်ထားပြီ။ |

(၈၇၇) ဖမ်းဆီးခေါ်ဆောင်ခံရသူတို့မှ ဖြစ်ရလတ္တံ့။

(၈၇၈) **شَجَرَةُ الزَّقُّومِ ရှဂျရတ် ဇကွန်းမ်** ကို ဆရာတော်ကြီးများက **ရှားဇောင်းပင်** ဟု ဘာသာပြန်ကြပေသည်။ ထိုအပင်မှာ အဆူးများရှိ၍၊ စူးနစ်သော အနံ့၊ ခါးသည်းသော အရသာ၊ သေစေလောက်သော အဆိပ် ရှိသော အပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ အသွင်ရှိသော အပင်မှာ ပဒိုင်းပင်သာ ဖြစ်ပေသည်။ **ရှားဇောင်းပင်** မဟုတ်ချေ။ **ရှားဇောင်းပင်**သည် အပင်ကိုယ်ထည်တွင် အစူးငယ်များ ရှိသော်လည်း အပွင့်ကို စားသုံးနိုင်သည်၊ ဆေးဘက်လည်းဝင်ပေသည်။ ထို့ကြောင့် **ဇကွန်းမ်** ၏ အဓိပ္ပါယ်နှင့် မတူချေ။ **ဇကွန်းမ်**၏ အဓိပ္ပါယ်နှင့် အနီးကပ်ဆုံးတူသော အပင်မှာ ဆုတ်လျှင်စူး၊ နမ်းလျှင်မူး၊ စားလျှင်ရူးသော– အပင်တွင် စူးရှိသည့် ပဒိုင်းပင်နှင့်သာ အနီးကပ်ဆုံး တူပေသည်။ ဤသည်လည်း အနည်း ကပ်ဆုံး တူသော အပင်နှင့် ဝေါဟာရ ဖလှယ်ခြင်းသာ ဖြစ်၍ ကျမ်းတော်က **၎င်းသည် ကျိန်စာမိသော အပင် ဟု သုံးပေသည်၊** (၁၇း၆၀)။

| | |
|---|---|
| ၆၄။ | إِنَّهَا شَجَرَةٌ تَخْرُجُ فِي أَصْلِ الْجَحِيمِ۝<br>၎င်းသည် ငရဲမီးတွင်း အမြစ်တွယ် ပေါက်ရောက်သော အပင်တစ်ပင် ဖြစ်၏။ |
| ၆၅။ | طَلْعُهَا كَأَنَّهُ رُؤُوسُ الشَّيَاطِينِ۝<br>၎င်းမှ မကောင်းဆိုးဝါး၏ ဦးခေါင်းကဲ့သို့ သီးပွင့်၏။[၈၇၉] |
| ၆၆။ | فَإِنَّهُمْ لَآكِلُونَ مِنْهَا فَمَالِؤُونَ مِنْهَا الْبُطُونَ۝<br>ကေန်ပင် သူတို့သည် ၎င်းမှ စားသုံးရ၍၊ ဗိုက်ပြည့် တင်းကား၍။ |
| ၆၇။<br>ထပ်ရော | ثُمَّ إِنَّ لَهُمْ عَلَيْهَا لَشَوْبًا مِّنْ حَمِيمٍ۝<br>ထို့နောက် ကေန်ပင်– ထိုအပေါ်၌ ရေနွေးပူဖြင့် **ထပ်ဖြည့်**ခံရ၏။ |
| ၆၈။ | ثُمَّ إِنَّ مَرْجِعَهُمْ لَإِلَى الْجَحِيمِ۝<br>ထို့နောက် သူတို့၏ အပြန်ခရီးသည် ငရဲမီးဘက်သို့ ဖြစ်၏။ |
| ၆၉။ | إِنَّهُمْ أَلْفَوْا آبَاءهُمْ ضَالِّينَ۝<br>သူတို့သည် သူတို့၏ မိရိုးဖလာအား လမ်းလွဲနေကြောင်း တွေ့ရတော့၏။ |
| ၇၀။<br>ခြေရာ | فَهُمْ عَلَى آثَارِهِمْ يُهْرَعُونَ۝<br>သူတို့သည် ၎င်းတို့၏ **ရိုးရာ**များပေါ် အလျှင်စလို လိုက်၏။ |
| ၇၁။ | وَلَقَدْ ضَلَّ قَبْلَهُمْ أَكْثَرُ الْأَوَّلِينَ۝<br>သူတို့မတိုင်မီ ရှေးဦးပထမ မျိုးဆက်များစွာသည် လွဲမှားခဲ့သည်ပင်။ |
| ၇၂။ | وَلَقَدْ أَرْسَلْنَا فِيهِم مُّنذِرِينَ۝<br>ငါသည် သူတို့ထဲမှ သတိပေးသူများကို စေစားခဲ့ပြီ။ |
| ၇၃။ | فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنذَرِينَ۝<br>သတိပေးခံရသူများ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်ကြလော့။ |
| ၇၄။ | إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ۝<br>ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်သူတို့သာ ကင်း၏။ |
| ၇၅။ | وَلَقَدْ نَادَانَا نُوحٌ فَلَنِعْمَ الْمُجِيبُونَ۝<br>နူးဟ်သည် ငါ့ထံ၌ မုချ ပန်ထွာတင်ပြ၏။ ငါသည် ဂုဏ်ပေး ဖြေကြားပေးနေသော အရှင် ဖြစ်၏။ |

(၈၇၉) ဤမကောင်းသော အပင်၏ အသီးအပွင့်မှာ မကောင်းဆိုးဝါး၏ ဦးခေါင်းကဲ့သို့ ဖြစ်သည်ဟု ဥပမာ ပေးသောကြောင့် ထိုအသီး၏ ပုံဏ္ဍာန်မှာ အဖုအထစ်များနှင့် ကြောက်မက်ဘွယ်ရာ ပုံစံဖြင့်ဟု ဒဏ္ဍာရီလာ ပုံများအား အာရုံခံလျှက် မခံစားသင့်ပေ၊ တဖန် ထိုမှ ချဲ့ကားလျှက် မကောင်းဆိုးဝါးတည်းဟူသော ရှိုင်တွန်သည်လည်း အလွန် ကြောက်မက်ဘွယ်ကောင်းသော ဒဏ္ဍာရီလာ သရဲသဘက် မျက်နှာကြီးနှင့် နာနာဘာဝ ဟု မခံစားသင့်ပေ။ ကျမ်းတော်တွင် ကောင်းမှုများကို ကောင်းမြတ်သော အပင်– ထိုအပင်မှ အသီးအပွင့်များနှင့် ပမာပေး ပြောဆိုလေ့ရှိပြီး– မကောင်းသော အကျင့်အကြံများအား မကောင်းသောအပင်– မကောင်းသော အသီးများဖြင့် ခိုင်းနှိုင်း ပြောဆိုလေ့ ရှိပေသည်။ ဤနေရာတွင်လည်း ဤ မကောင်းသော အပင်၏ အသီးအပွင့် (အကျိုးဆက်)မှာ မကောင်းသော အတွေးအခေါ်ကို ဖြစ်ပေါ်စေသည့် အရာသာ ဖြစ်ကြောင်း ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၇၆။ | وَنَجَّيْنَاهُ وَأَهْلَهُ مِنَ الْكَرْبِ الْعَظِيمِ۞<br>ငါသည် သူနှင့် သူ့ဝိုင်းသားတို့အား မဟာချောက်ချားမှုကြီးမှ လွတ်မြောက်စေတော်မူ၏။ |
| ၇၇။<br>☆၁၁း၄၈ | وَجَعَلْنَا ذُرِّيَّتَهُ هُمْ الْبَاقِينَ۞<br>သူ၏ သားစဉ်မြေးဆက်အား တည်ရှိသူများ အဖြစ် စီစဉ်တော်မူ၏။ |
| ၇၈။ | وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ۞<br>နောက်လာနောက်သား အတွင်း၌ သူ့အအကြောင်းအား ချန်ထားခဲ့၍– |
| ၇၉။ | سَلَامٌ عَلَى نُوحٍ فِي الْعَالَمِينَ۞<br>လောကခပ်သိမ်း အတွင်း နူးဟ်အား ငြိမ်းချမ်းမှုသက်စေသော်၊ |
| ၈၀။ | إِنَّا كَذَلِكَ نَجْزِي الْمُحْسِنِينَ۞<br>ဤသို့၊ ငါသည် သုမင်္ဂလာပြုသူတို့အား အစားပေးတော်မူ၏။ |
| ၈၁။ | إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ۞<br>ကေန်ပင် သူသည် ငါအရှင်အား ယုံကြည်သူ အမှုတော်ဆောင်တို့မှ ဖြစ်၏။ |
| ၈၂။ | ثُمَّ أَغْرَقْنَا الْآخَرِينَ۞<br>တဖန် နောက်လူများကို တိမ်မြုပ်စေတော်မူ၏။ |
| ၈၃။<br>☆၂း၁၂၇ | وَإِنَّ مِن شِيعَتِهِ لَإِبْرَاهِيمَ۞<br>ကေန်ပင် အီဗရာဟီးမ်သည်☆ သူ၏ ဂိုဏ်းဝင်ထဲမှ ဖြစ်၏။ |
| ၈၄။ | إِذْ جَاء رَبَّهُ بِقَلْبٍ سَلِيمٍ۞<br>သူသည် ကံကြမ္မာရှင်၏ထံသို့ ငြိမ်းချမ်းသော နှလုံးသားဖြင့် ခရောက်၏။ |
| ၈၅။ | إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَاذَا تَعْبُدُونَ۞<br>သူက သူ၏ ဖခင်နှင့် သူ့လူမျိုးတို့အား မေးသည်မှာ "သင်တို့သည် အဘယ်ရာကို ကိုးကွယ်နေကြသနည်း– |
| ၈၆။ | أَئِفْكًا آلِهَةً دُونَ اللَّهِ تُرِيدُونَ۞<br>ပရမတ်ဘုရားရှင်မှ အပသော လုပ်ဇတ် ဘုရားများကို အလိုရှိကြသလော။ |
| ၈၇။ | فَمَا ظَنُّكُم بِرَبِّ الْعَالَمِينَ۞<br>လောကခပ်သိမ်း၏ ကံကြမ္မာရှင်အား မည်သို့ စဉ်းစားချက် ရှိသနည်း၊"ဟု ဖြစ်၏။ |
| ၈၈။ | فَنَظَرَ نَظْرَةً فِي النُّجُومِ۞<br>ထို့နောက် သူသည် ကြယ်တာရာများသို့ ကြည့် ကြည့်၍၊ |

| | |
|---|---|
| ၈၉။ | فَقَالَ إِنِّي سَقِيمٌ ۞<br>"ကျွန်ုပ်သည်ပင် ဖျားချင်ချင် ဖြစ်လာပြီ၊"ဟု ဆိုသော်။[၈၈၀] |
| ၉၀။ | فَتَوَلَّوْا عَنْهُ مُدْبِرِينَ ۞<br>သူတို့သည် သူ့ထံမှ နောက်သို့ လှည့်ပြေးတော့၏။ |
| ၉၁။ | فَرَاغَ إِلَى آلِهَتِهِمْ فَقَالَ أَلَا تَأْكُلُونَ ۞<br>သူသည် သူတို့၏ ဘုရားများထံသို့ လှည့်၍ ပြောသည်မှာ "သင်တို့ ဆွမ်းစားကြသလော၊– |
| ၉၂။ | مَا لَكُمْ لَا تَنطِقُونَ ۞<br>သင်တို့ အဘယ်ကြောင့် စကားမပြောကြသနည်း၊"ဟု ဖြစ်၍၊ |
| ၉၃။<br>☆၂၁:၅၈ | فَرَاغَ عَلَيْهِمْ ضَرْبًا بِالْيَمِينِ ۞<br>သူတို့ဘက်သို့ လှည့်ကာ ညာလက်ဖြင့် ရိုက်ဖျက်လိုက်၏။☆ |
| ၉၄။ | فَأَقْبَلُوا إِلَيْهِ يَزِفُّونَ ۞<br>ထိုအခါ သူ့ထံသို့ အရှိန်အဟုန်နှင့် ရှေ့တိုးလာကြသူများကို– |
| ၉၅။ | قَالَ أَتَعْبُدُونَ مَا تَنْحِتُونَ ۞<br>သူက မေးသည်မှာ "သင်တို့ ထုဆစ်ထားသော အရာများအား ကိုးကွယ်ကြကုန်သလော၊– |
| ၉၆။ | وَاللَّهُ خَلَقَكُمْ وَمَا تَعْمَلُونَ ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့နှင့် သင်တို့ ကျင့်ကြံရာများကို ဖြစ်တည်စေတော်မူ၏၊"ဟု ဖြစ်၏။ |
| ၉၇။<br>☆၂၁:၆၉ | قَالُوا ابْنُوا لَهُ بُنْيَانًا فَأَلْقُوهُ فِي الْجَحِيمِ ۞<br>သူတို့က သူ့အတွက် အဆောက်အဦး တစ်ခုကို ဆောက်လော့၊ ထို့နောက် ငရဲမီး၌ ခင်းကျင်းပေးလော့၊ ဟု ဆို၏။☆ |
| ၉၈။ | فَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَسْفَلِينَ ۞<br>သူ့အတွက် ဗျူဟာတစ်ရပ် ဖြစ်စေလို၏၊ သို့ဖြင့်–သူတို့အား အနိမ့်ဆုံးဖြစ်စေရန် ငါ စီစဉ်တော်မူ၏။ |
| ၉၉။ | وَقَالَ إِنِّي ذَاهِبٌ إِلَى رَبِّي سَيَهْدِينِ ۞<br>သူဆုတောင်းသည်မှာ "တပည့်တော်သည် လမ်းညွှန်ပြနေတော်မူသော ကံကြမ္မာရှင်ထံသို့သာ သွားနေပါ၏။" |
| ၁၀၀။ | رَبِّ هَبْ لِي مِنَ الصَّالِحِينَ ۞<br>"အို ကံကြမ္မာရှင် တပည့်တော်အား ပြုပြင်ပြောင်းလဲသူတို့မှ တစ်ဦးအား ချီးမြှင့်တော်မူပါ၊"ဟု ဖြစ်၏။ |
| ၁၀၁။<br>သား | فَبَشَّرْنَاهُ بِغُلَامٍ حَلِيمٍ ۞<br>သို့ဖြင့် ငါသည် "နူးညံ့သိမ်မွေ့သော **ကလေး**အကြောင်း သတင်းကောင်းကိုပါး၏။" |

(၈၈၀) အီဗရာဟီးမ်၏ လူမျိုးတို့သည် ထင်ရာမြင်ရာ ရုပ်ပွား ဆင်းတုများကိုသာ ကိုးကွယ်သည် မဟုတ်၊ ကောင်းကင်တွင် မြင်သမျှသော ကြယ်တာရာ နက္ခတ်များကိုလည်း ကိုးကွယ်နေကြသောကြောင့် ကိုယ်တော် အီဗရာဟီးမ်က သင်တို့၏ အယူအဆများမှာ တိကျသေချာမှုမရှိ၊ နာကြားရသူများ အဖို့ပင် ဖျားချင်ချင် ဖြစ်လာပြီ၊ (ခေတ်စကားဖြင့် ဦးနှောက် စားလာပြီ၊) ဟု ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၀၂။<br>သား | **فَلَمَّا بَلَغَ مَعَهُ السَّعْيَ قَالَ يَا بُنَيَّ إِنِّي أَرَى فِي الْمَنَامِ أَنِّي أَذْبَحُكَ فَانظُرْ مَاذَا تَرَى قَالَ يَا أَبَتِ افْعَلْ مَا تُؤْمَرُ سَتَجِدُنِي إِن شَاء اللَّهُ مِنَ الصَّابِرِينَ۞**<br>၎င်းသည် သူနှင့်အတူ လုံးပန်းနိုင်သော အရွယ်သို့ ရောက်သောအခါ၊ သူက “အို ချစ်သား၊ ကျွန်ုပ်သည် သင့်အား စတေးရကြောင်း အိပ်စက်စဉ်၌ မြင်၏၊ ထိုမြင်ကွင်းအား သင် မည်သို့ ကြည့်မိသနည်း၊”ဟု မေးသော်၊ ၎င်းက “အို ဖခင်၊ အသင့်အား ညွှန်ကြားသည့် အတိုင်း ပြုလုပ်လေ့၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီစေလျှင် ကျွန်ုပ်အား သည်းခံနိုင် သူတို့မှ အသင်တွေ့ရပါလိမ့်မည်၊”ဟု ဆို၏။[၈၈၁] |
| ၁၀၃။ | **فَلَمَّا أَسْلَمَا وَتَلَّهُ لِلْجَبِينِ۞**<br>သူတို့သည် ငြိမ်းချမ်းရေးပြုသောအခါ၊ ၎င်းကို ဦးတိုက်ဆောင်ရွက်၏။[၈၈၂] |
| ၁၀၄။ | **وَنَادَيْنَاهُ أَنْ يَا إِبْرَاهِيمُ۞**<br>ငါအရှင်က “အို အီဗရာဟီးမ်၊”ဟု ခေါ်၍၊ |
| ၁၀၅။ | **قَدْ صَدَّقْتَ الرُّؤْيَا إِنَّا كَذَلِكَ نَجْزِي الْمُحْسِنِينَ۞**<br>သင်သည် သင်၏ အမြင်ရမှုကို ဖြောင့်မှန်စွာပြု၏၊ သို့ဖြင့် ငါသည် သုမင်္ဂလာပြုသူတို့အား ဤသို့ အစားပေးတော်မူပြီ။ |
| ၁၀၆။ | **إِنَّ هَذَا لَهُوَ الْبَلَاء الْمُبِينُ۞**<br>ကေန်ပင် ဤသည်မှာ ရှင်းလင်းထင်ရှားသော စုံစမ်းမှုပင် ဖြစ်၏။ |

---

**(၈၈၁)** ဤသုတ်တော်မှ ပြောထားသော စကားမှာ ရှင်းလင်းနေပါလျှက် အစာသွပ် ဘာသာပြန်များ၏ နောက်သို့လိုက်၍၊ သို့မဟုတ် ရှိုးရာ အစွဲ မျက်လုံးဖြင့် ဖတ်၍ ကျမ်းတော်အား အရောင် ဆိုးထားသည်မှာ အီဗရာဟီးမ်က သားတော် အစ္စမာလ်အီလ်ကို အိပ်စက်စဉ် အိပ်မက်တွင် ကုရ်ဘာနီလုပ် လှီးသတ်ခဲ့သည်၊ ထိုအိပ်မက်အား သားတော်အား တင်ပြ၍၊ သားတော်ကလည်း ခွင့်ပြုသောကြောင့် အပြင်လောကတွင် သားတော်အား အမှန် တကယ်ပင် အလ္လာဟ်အတွက် တိုင်တည်၍ လှီးသတ်ရန်ပြုသည်၊ ထိုအခါ အလ္လာဟ်အရှင်က သား အီစ္စမာလ်အီလ် အစား အခြားသော တိရိစ္ဆာန် တစ်ကောင်နှင့် အစားထိုးပေးလိုက်သည် စသည်ဖြင့် အလ္လာဟ်အရှင်အား လူသတ်ယဇ်ပူဇော်ရသည့် နတ်ဘုရားကြီးပုံစံမျိုး ပီပြင်စေရန် ရေးသား ပြန်ဆိုသည်များကို အံ့သြဘွယ် ဝမ်းနည်းဘွယ် တွေ့ရပေသည်။ ဤသုတ်တော်က ဆိုလိုချက်မှာ ထိုသို့ လုံးဝ မဟုတ်ချေ၊ ဤသုတ်တော်အား စေ့စေ့စပ်စပ် ပြန်ဖတ်ကြည့်ပါ၊ အီဗရာဟီးမ်က အိပ်မက်မြင်မက်သည်၊ ထိုအကြောင်းကို သူ့သားအား ပြန်ပြောပြ၍– သားအနေဖြင့် ထိုအိပ်မက်အား မည်သို့ ထင်မြင်သနည်း ဟု မေးသည်၊ ထိုအခါသားက ဖခင်အား –**အဖေ့အား စီမံလမ်းညွှန်ပေးသည့်အတိုင်း ဆောင်ရွက်လေ့**ဟု ပြောသည်။ **စီမံလမ်းညွှန်ပေးသည့်အတိုင်း** ဆိုသည်မှာ **အိမ်မက်အတိုင်း ဆောင်ရွက်လေ့**ဟု အနက်ကို မပေးသည့်အပြင်– **ကုရ်ဘာနီ ပြုလုပ်လေ့ ဟူသည့် အဓိပ္ပါယ်ကိုလည်း မပေးချေ၊** ကျမ်းတော်အရ **အီဗရာဟီးမ်အား သူ့မိရိုးဖလာ ရုပ်ပွားကိုးကွယ်ခြင်းများအား မလိုက်နာရန်သာ စီမံ ညွှန်ကြားခဲ့သည်။** သားကောင်ဖြင့် ယဇ်ပူဇော်ခြင်းမှာ မိရိုးဖလာ အမိုက်ကောင်များ၏ လုပ်ရပ်ဖြစ်၍ ကိုယ်တော် အီဗရာဟီးမ်အား ထိုသို့ လိုက် နာ ဆောင်ရွက်စေရန် သွန်သင်သော သွန်သင်ချက်ဟူ၍ ကျမ်းတော်တွင် မပါဝင်ချေ။ သားတော် အီစ္စမာလ်အီလ်က သူ့အား သည်းခံနိုင်သူ အဖြစ် တွေ့ရှိလိမ့်မည် ဆိုသည်မှာ– သူ့ဖခင်နှင့် လက်တွဲဆောင်ရွက်ရမည့် မိရိုးဖလာတော်လှန်ရေး ခရီးကြမ်း၌ ဇွဲနပဲကြီးစွာ ဖြင့် မဆုတ်မနစ် ကြိုးစားသူ အဖြစ် တွေ့ရမည် ဟု ဆိုလိုခြင်းသာ ဖြစ်သည်။ **သူတို့ သားအဖ နှစ်ဦး၏ သာသနာရေး ဆောင်ရွက်ချက်မှာ တစ်ဦးက လည်ပင်းကို အလှီးခံ၍ တစ်ဦးက လည်ပင်းကို လှီးသည့် ဆောင်ရွက်ချက် မဟုတ်ချေ၊ သူတို့၏ ဆောင်ရွက်မှာ ဘုရားတစ်ဆူဝါဒအား မမိုတ် မသုန်ကြေငြာခြင်း၊ ထို ဝါဒ ၏ ဗဟိုဌာနချုပ် ကာအ်ဘာကျောင်းတော်အား ပြန်လည်မွမ်းမံခြင်း၊ စသည်တို့သာ ဖြစ်ပေသည်။**– ၂း၁၂၇။

(၈၈၂) ဤသုတ်တော်အား– **အိစ္စမာလ်အီလ်သည် လည်ပင်းအား အလှီးခံရန်** ဟု အဓိပ္ပါယ်ကို ဦးတည်စေသည့် **သူတို့နှစ်ဦးလုံး အမိန့်တော်ကို အပြည့်အဝ နာခံသောအခါ၊ သူ (အိစ္စမာလ်အီလ်)၏ ဦးခေါင်းကို စိုက်ပေး၏၊** အချို့က **မှောက်လျှက် စင်းပေး၏** ဟု ပြန်ဆိုကြပေသည်။ ဝမ်းနည်းဘွယ်ကောင်းပေစွ၊ ဤဘာသာပြန်၌ **ငြိမ်းချမ်းရေးပြုသောအခါ** ဟု ပြန်ဆိုသော **အာ့ဆ်လာမ** (ဆလာမ်) သည် အကြွင်းမဲ့ အမိန့်နာခံ ခြင်းဖြင့် ငြိမ်းချမ်းရေး ဆောင်ရွက်သည်ဟု ဖြစ်သည့် အတွက် ထိုဆရာတော်ကြီးများ၏ ပြန်ဆိုမှုသည် မူရင်းနှင့် အဓိပ္ပါယ်ကွဲပြားသည်ဟု မဆိုနိုင်ပါ။ သို့သော် **وَتَلَّهُ لِلْجَبِينِ** ဆိုသည်မှာ **တလ္လ** “လိုက်နာသည်” နှင့် **ဂျဘီးန်** “နဖူး၊ ဦးခေါင်း၏ ရှေ့ဘက်အခြမ်း” စာလုံးနှစ်လုံးကို ပေါင်း၍၊ **ဦးခေါင်းစိုက်ပေးသည်၊ မှောက်ပေးသည်** ဟု ပြန်ဆိုခြင်းမှာ လွန်စွာ အံ့သြစရာပင်၊ ပို၍အံ့သြစရာမှာ မှောက်ပေးသော သူအား နောက်ဂုတ်မှ မလှီးဘဲ၊ ရှေ့မှ လည်မြိုကို လှီးဖြတ်သည်ဟု လက်ခံထားခြင်းပင် ဖြစ်၏။ အမှန်တကယ် ထိုစကားလုံး၏ အနက်မှာ **နဖူး သို့မဟုတ် ဦးခေါင်း၏ ရှေ့ဘက်သို့ လိုက်သည်၊ ဦးတိုက်ဆောင်ရွက်သည်** ဟုသာ ဖြစ်ပေသည်။ **ဘာသာသာသနာရေး၌ တစ်စိုက်မတ်မတ် ဆောင်ရွက်ခြင်း**ကိုသာ ဆိုလိုပေသည်။

| | |
|---|---|
| ၁၀၇။ | **وَفَدَيْنَاهُ بِذِبْحٍ عَظِيمٍ**<br>ငါသည် ယင်းကို မဟာ စတေးမှုကြီးဖြင့် ရွေးယူတော်မူပြီ။[၈၅၉] |
| ၁၀၈။ | **وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ**<br>နောက်လာနောက်သား အတွင်း၌ သူ့အကြောင်းအား ချန်ထား၍ – |
| ၁၀၉။ | **سَلَامٌ عَلَىٰ إِبْرَاهِيمَ**<br>အီဗရာဟီးမ်အပေါ်သို့ ငြိမ်းချမ်းပါစေသော်၊ |
| ၁၁၀။ | **كَذَٰلِكَ نَجْزِي الْمُحْسِنِينَ**<br>ငါသည် ဤသို့ သုမင်္ဂလာပြုသူတို့ကို အစားပေးတော်မူ၏။ |
| ၁၁၁။ | **إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ**<br>ကေန်ပင် သူသည် ငါ့အား ယုံကြည်သူ အမှုတော်ဆောင်တို့ အနက်မှ ဖြစ်၏။ |
| ၁၁၂။ | **وَبَشَّرْنَاهُ بِإِسْحَاقَ نَبِيًّا مِّنَ الصَّالِحِينَ**<br>ငါသည် သူ့အား ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်သော သတင်းတော်ဆောင် အီစ္စဟာ့က် အကြောင်း သတင်းကောင်း ပါး၏။ |
| ၁၁၃။ | **وَبَارَكْنَا عَلَيْهِ وَعَلَىٰ إِسْحَاقَ وَمِن ذُرِّيَّتِهِمَا مُحْسِنٌ وَظَالِمٌ لِّنَفْسِهِ مُبِينٌ**<br>သူနှင့် အီစ္စဟာ့က်အပေါ် ငါသည် ကျက်သရေရှိစေ၏။ သူတို့၏ သားမြေးတို့အနက် သုမင်္ဂလာပြုသူတို့ ရှိ၍၊ မိမိစရိုက်ကို မိမိ ရှင်းလင်းထင်ရှားစွာ အဝိဇ္ဇာသင့်စေသူတို့လည်း ရှိကြ၏။ |
| ၁၁၄။ | **وَلَقَدْ مَنَنَّا عَلَىٰ مُوسَىٰ وَهَارُونَ**<br>မုချပင် ငါသည် မူဆာနှင့် ဟာရွန်တို့အား မျက်နှာသာပေးခဲ့၍၊ |
| ၁၁၅။ | **وَنَجَّيْنَاهُمَا وَقَوْمَهُمَا مِنَ الْكَرْبِ الْعَظِيمِ**<br>သူတို့နှင့် သူတို့၏ လူမျိုးတို့အား မဟာချောက်ချားမှုကြီးမှ လွတ်မြောက်စေခဲ့၏။ |

(၈၅၉) ဤနေရာ၌ **ကြီးမြတ်သော (မဟာ)** ဟု ဘာသာပြန်သည့် စကားလုံး **عَظِيمٍ အဇွီးမ်** အား ဆရာတော်ကြီးများက လိုးသတ်ရန် တိရိစ္ဆာန်ကို ရည်ရွယ်သော **အကောင်ကြီးသော** ဟု ပြန်ဆိုခြင်း၊ များစွာသော ဘာသာပြန်များ၌ **ယဇ်ကောင် ဟု ကွင်းစ ကွင်းပိတ်ဖြင့် ဖြည့်စွက်၍ ဘာသာပြန်ခြင်းများ**ကို တွေ့ရပေသည်။ သို့သော် ထိုဆရာတော်ကြီးများကပင် ထိုတိရိစ္ဆာန်မှာ သိုးငယ် ဖြစ်သည် ဟု ဆိုပြန်သည်။ မည်မျှ ရှေ့နောက် ညီညွတ်သော အသိပေးချက်ဖြင့် ဘာသာပြန်ကြဘိသနည်း၊ အမှန်စင်စစ်တွင် ကျမ်းတော်သုံး အာရ်ဗီစကားတွင် **عَظِيمٍ အဇွီးမ်** ဆိုသည်မှာ မြင့်မြတ်မှုကို ဆောင်သည့် ကြီးကျယ်ခြင်းမျိုးကို ဆိုလိုပေသည်၊ **ကဘီးရ်** ဆိုသည်မှာ တာဝန်၏ အပေါ့အလေးကို ဆောင်သည့် ကြီးကျယ်မှု၊ မာနကြီးမှု၊ ဂုဏ်ကြီးကျယ်မှု စသည့် ကြီးကျယ်မှု နှင့် **ကဝီးယ်** ဆိုသည်မှာ ခန္ဓာဗလကြီးကျယ်မှု၊ အင်အားအစွမ်း ကြီးကျယ်မှုမျိုး ဖြစ်သည်။ ဤနေရာ၌ မြေကမ္ဘာတွင် မြင့်မြတ်မှုကို ဆောင်သည့် ကြီးကျယ်မှုမှာ လူသားထက် ပို၍ မည်သည့် တိရိစ္ဆာန်များ ရှိဦးမည်နည်း၊ ထိုဆရာတော်ကြီးများ၏ အလိုအရ လူသား အနက်တွင်မှ ဉာဏ်စဉ်တော်ဆောင် တစ်ပါးဖြစ်သည့် ကိုယ်တော် အီစ္စမာလ်အီလ်ထက် သူ့ကိုယ်စား လိုးသတ်ခံရမည့် သိုးတစ်ကောင်က ပို၍ မြင့်မြတ်နေသယောင် ဖြစ်နေပေတော့သည် ဝမ်းနည်းဘွယ် ကောင်းပေစွ၊– ဤသုတ်တော်မှ အဓိပ္ပါယ် အစစ်အမှန်မှာ ထိုဆရာတော်ကြီးများ၏ အလိုနောက်သို့ မလိုက်ပေ၊ ကျမ်းတော်၏ နေရာပေါင်းများစွာတွင် **ကောင်းမှုလုပ်သောသူအား ထိုထက်ပိုကောင်းသော ဆုကို ပေးမည်၊** ဟု မကြာခဏ ပြောဆိုပေသည်၊ ဤသုတ်တော်၏ ဆိုလိုချက်မှာလည်း **သူတို့၏ သာသနာရေးအတွက် ပေးဆပ်စတေးမှုကို ထိုထက်မြင့်မြတ် ကြီးကျယ်ခြင်းဖြင့် အစားပေးမည်၊ အကျိုးဆုကိုပေးမည်၊** ဟု ဆိုလိုခြင်းပင် ဖြစ်ပေသည်။ ဤသုတ်တော်များနှင့် ၂၂း၃၅–၃၇ တွင် ပြောသည့် လူအများ စုပေါင်း ပရိဝ့ါသ် ပြုလုပ်သော ကာလတွင် အလှူဝတ္ထု ပေးလှူခြင်းများဖြင့် ရောချ၍ မရပေ။ ဆက်စပ်မှုလည်း မရှိ မည်သို့မှ မပတ်သက်ချေ၊ သီးခြား သမိုင်းတစ်ရပ်ပင် ဖြစ်ပေသည်။ ၎င်းသည်– အလှူဝတ္ထုအား လူအများ စားသုံးရေး၌ အဆင်ပြေစေရန် ဆောင်ရွက်ကြခြင်း ဖြစ်စေ၍၊ ဤသမိုင်းကြောင်းမှာ အီဗရာဟီးမ်တို့ သား အဖက ပေးဆပ်စတေးခဲ့ပုံကို သီးခြားတင်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၁၆။ | وَنَصَرْنَاهُمْ فَكَانُوا هُمُ الْغَالِبِينَ۞<br>သူတို့အား ငါအရှင် ကူညီစောင်မခဲ့၏၊ သူတို့သည် အနိုင်ရသူများ ဖြစ်လာခဲ့လေ၏။ |
| ၁၁၇။ | وَآتَيْنَاهُمَا الْكِتَابَ الْمُسْتَبِينَ۞<br>သူတို့အား အလွန်ကျော်ဇော ရှင်းလင်းထင်ရှားသော ကျမ်းတော်ကို ချီးမြှင့်ခဲ့၏။ |
| ၁၁၈။ | وَهَدَيْنَاهُمَا الصِّرَاطَ الْمُسْتَقِيمَ۞<br>မြဲမြံတည်တံ့သည့် လမ်းစဉ်သို့လည်း ငါ လမ်းညွှန်ခဲ့၏။ |
| ၁၁၉။ | وَتَرَكْنَا عَلَيْهِمَا فِي الْآخِرِينَ۞<br>နောက်လာနောက်သား အတွင်း၌ သူတို့အကြောင်းအား ချန်ထား၍၊ |
| ၁၂၀။ | سَلَامٌ عَلَى مُوسَى وَهَارُونَ۞<br>မူဆာနှင့် ဟာရွန်အပေါ်သို့ ငြိမ်းချမ်းပါစေသော်၊ |
| ၁၂၁။ | إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ۞<br>ငါသည် ဤသို့ သုမင်္ဂလာပြုသူတို့ကို အစားပေးတော်မူ၏။ |
| ၁၂၂။ | إِنَّهُمَا مِنْ عِبَادِنَا الْمُؤْمِنِينَ۞<br>ကေန်ပင် သူတို့သည် ငါ့အား ယုံကြည်သူ အမှုတော်ဆောင်တို့ အနက်မှ ဖြစ်၏။ |
| ၁၂၃။ | وَإِنَّ إِلْيَاسَ لَمِنَ الْمُرْسَلِينَ۞<br>ကေန်ပင် အီးလ်ယာ့ဆ်သည် ဥဂ္ဂဏ်စဉ်ဆောင်တို့ အနက်မှ ဖြစ်၏။[၈၈၄] |
| ၁၂၄။ | إِذْ قَالَ لِقَوْمِهِ أَلَا تَتَّقُونَ۞<br>သူက သူ့လူမျိုးအား ပြောသည်မှာ "သင်တို့သည် စည်းမစောင့်ကြသလော၊ |
| ၁၂၅။<br>အိမ်ဦးနတ် | أَتَدْعُونَ بَعْلًا وَتَذَرُونَ أَحْسَنَ الْخَالِقِينَ۞<br>သင်တို့သည် အတင့်တယ်ဆုံး ဖြစ်တည်ပေးသည့် အရှင်ကို ချန်၍ **နေနတ်ဘုရား၌** ဆုတောင်းကြမည်လော၊ |
| ၁၂၆။ | وَاللَّهَ رَبَّكُمْ وَرَبَّ آبَائِكُمُ الْأَوَّلِينَ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့၏ ကံကြမ္မာရှင်၊ သင်တို့ရှေ့ ရှေးဦးပထမ ဘဘိုးများ၏ ကံကြမ္မာရှင်၏။"ဟု ဖြစ်၏။ |
| ၁၂၇။<br>☆၃၇:၅၇ | فَكَذَّبُوهُ فَإِنَّهُمْ لَمُحْضَرُونَ۞<br>သူ့အား ငြင်းဆန်ကြကုန်ပြီ၊ သို့ဖြင့် ငါသည် သူတို့အား ဆင့်ခေါ်ခံရသူများမှ☆ ဖြစ်စေပြီ။ |
| ၁၂၈။ | إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ۞<br>ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်ကြသူတို့သာ ထိုမှ ကင်း၏။ |
| ၁၂၉။ | وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ۞ |

(၈၈၄) ကိုယ်တော် အီးလ်ယာ့ဆ်၏ အမည်နာမကို ကျမ်းတော်၌ ၆း၈၅။ ၃၇း၁၂၃၊ ၁၃၀ တို့တွင် သုံးကြိမ် ဖော်ပြထားပြီး၊ ထိုကိုယ်တော်၏ တရားဟောသည့် အကြောင်းအရာနှင့် ဖြစ်ပျက်မှုကို ၃၇း၁၂၃-မှ ၁၃၀ ထိတွင် ဖော်ပြထားပေသည်။

| | |
|---|---|
| | နောက်လာနောက်သား အတွင်း၌ သူ့အကြောင်းအား ချန်ထား၍– |
| ၁၃၀။ | **سَلَامٌ عَلَىٰ إِلْ يَاسِينَ**۞<br>အီးလ်ယာ့ဆ် အပေါ်သို့ ငြိမ်းချမ်းပါစေသော်– |
| ၁၃၁။ | **إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ**۞<br>ငါသည် ဤသို့ သုမင်္ဂလာပြုသူတို့ကို အစားပေးတော်မူ၏။ |
| ၁၃၂။ | **إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ**۞<br>ကေန်ပင် သူတို့သည် ငါ့အား ယုံကြည်သူ အမှုတော်ဆောင်တို့ အနက်မှ ဖြစ်၏။ |
| ၁၃၃။ | **وَإِنَّ لُوطًا لَّمِنَ الْمُرْسَلِينَ**۞<br>လု–တ် သည် ဥဇ္ဇာက်စဥ်ဆောင်တို့ အနက်မှ ဖြစ်၏။ |
| ၁၃၄။ | **إِذْ نَجَّيْنَاهُ وَأَهْلَهُ أَجْمَعِينَ**۞<br>ငါအရှင်သည် သူနှင့် သူ့ဝိုင်းသား အားလုံးကို လွတ်မြောက်စေခဲ့ပြီ။ |
| ၁၃၅။<br>☆၁၁း၈၁ | **إِلَّا عَجُوزًا فِي الْغَابِرِينَ**۞<br>အဘွားကြီးကိုသာ ကျန်ရစ်သူများမှ ဖြစ်စေ၏။☆ |
| ၁၃၆။ | **ثُمَّ دَمَّرْنَا الْآخَرِينَ**۞<br>နောက်လူများအား ပျက်စီးစေတော် မူလိုက်၏။ |
| ၁၃၇။ | **وَإِنَّكُمْ لَتَمُرُّونَ عَلَيْهِم مُّصْبِحِينَ**۞<br>၎င်းတို့မှ သင်တို့ ဖြတ်သန်းသွားလာခဲ့သည်မှာ နံနက်စ နှင့်– |
| ၁၃၈။ | **وَبِاللَّيْلِ أَفَلَا تَعْقِلُونَ**۞<br>ညပိုင်းတို့၌ ဖြစ်၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော။ |
| ၁၃၉။ | **وَإِنَّ يُونُسَ لَمِنَ الْمُرْسَلِينَ**۞<br>ကေန်ပင် ယူနွတ်စ်သည် ဥဇ္ဇာက်စဥ်ဆောင်တို့ အနက်မှ ဖြစ်၏။ |
| ၁၄၀။ | **إِذْ أَبَقَ إِلَى الْفُلْكِ الْمَشْحُونِ**۞<br>သူသည် ဝန်တင် သင်္ဘောဆီသို့ သုတ်ခြေတင်၍၊ |
| ၁၄၁။ | **فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِينَ**۞<br>အခြားသူများနှင့် ဝင်ရောာ၏၊ သို့သော် သူသည် ငြင်းပယ်ခံရသူတို့မှ ဖြစ်ရ၏။ |
| ၁၄၂။ | **فَالْتَقَمَهُ الْحُوتُ وَهُوَ مُلِيمٌ**۞<br>သူ့အား ငါးကြီးသည် ပါးစပ်ဖြင့် ဟပ်၏။ သူသည် အပြစ်တင်ခံရသူတို့မှ ဖြစ်၏။[၈၈၅] |

(၈၈၅) ဤသုတ်တော်မှ **الْتَقَمَهُ ဖလ်တကမာဟု** ၏ အဓိပ္ပါယ်မှာ သူ့အား ပါးစပ်နှင့် အပြည့်ဖြည့်တော့ မလို ဖြစ်သည်ဟု အနက်ပေး၍၊ ပါးစပ်ထဲမှ အရာကို မြိုချလိုက်သည်ဟု အနက်ကို မပေးပေ။ မြိုချသည် မြိုသည် ဟူသော စကားမှာ ရင်းမြစ် ف ق ل ဖြစ်၍ ကိုယ်တော်မူဆာ၏ တောင်ဝှေးက မှော်ဆရာများ၏ မြွေကို မြိုလိုက်သည် ဟူသော ကျမ်းချက်များ ၇း၁၁၇။ ၂၀း၆၉။ ၂၆း၄၅ ၌ သုံးသည်ကို အလွယ်တကူတွေ့နိုင်သည်။ **الْتَقَمَهُ** မှာ

| | |
|---|---|
| ၁၄၃။ | فَلَوْلَا أَنَّهُ كَانَ مِنْ الْمُسَبِّحِينَ<br>သူသည် ငါ့အား ဦးထိပ်ထားသူတို့မှ မဖြစ်ခဲ့လေလျှင်၊ |
| ၁၄၄။ | لَلَبِثَ فِي بَطْنِهِ إِلَى يَوْمِ يُبْعَثُونَ<br>သူသည် နိုးထရမည့် နေ့ထိတိုင် ၎င်း၏ ဝမ်းတွင်း၌ နေနေခဲ့ရလတ္တံ့။[၈၈၆] |
| ၁၄၅။ | فَنَبَذْنَاهُ بِالْعَرَاء وَهُوَ سَقِيمٌ<br>ထို့နောက် ငါသည် သူ့အား ဗလာလက်မဲ့ဖြင့် စွန့်ထား၍– သူသည် ဖျားနာအားပျော့နေသူ ဖြစ်၏။[၈၈၇] |
| ၁၄၆။ | وَأَنبَتْنَا عَلَيْهِ شَجَرَةً مِّن يَقْطِينٍ<br>သူ့အတွက် အသီးဝေနေသော အပင်ကို ဖြစ်ထွန်းနေစေ၏။[၈၈၈] |
| ၁၄၇။ | وَأَرْسَلْنَاهُ إِلَى مِئَةِ أَلْفٍ أَوْ يَزِيدُونَ<br>ထို့နောက် ငါသည် သူ့အား ထောင်ပေါင်း ရာချီသော သို့မဟုတ် ပို၍တိုးပွားပေးသော သူတို့ထံသို့ စေစား၍၊ |
| ၁၄၈။ | فَآمَنُوا فَمَتَّعْنَاهُمْ إِلَى حِينٍ<br>သူတို့သည် ယုံကြည်လာကြ၏၊ သို့ဖြင့် သူတို့အား ကာလတစ်ခုထိ ချမ်းမြေ့နေစေ၏။ |
| ၁၄၉။<br>☆၄:၁၁၇ | فَاسْتَفْتِهِمْ أَلِرَبِّكَ الْبَنَاتُ وَلَهُمُ الْبَنُونَ<br>သူတို့အား “သင်တို့၏ ကံကြမ္မာရှင် အတွက် သမီးများ ရှိစေ၍၊ သင်တို့အတွက် သားများ ရှိစေကြသလော၊”ဟု မေးခွန်းထုတ်လော့။☆ |
| ၁၅၀။<br>☆၁၇:၄၀ | أَمْ خَلَقْنَا الْمَلَائِكَةَ إِنَاثًا وَهُمْ شَاهِدُونَ<br>သို့တည်းမဟုတ် ငါသည် နိမိတ်ဆောင်များကို လိင်မများ အဖြစ် ဖြစ်တည်စေခဲ့သလော၊ သူတို့သည် သက်သေများ ဖြစ်ကြသလော။☆ |
| ၁၅၁။ | أَلَا إِنَّهُم مِّنْ إِفْكِهِمْ لَيَقُولُونَ<br>ကေန်ပင် သူတို့၏ လုပ်ဇတ်များ အဖြစ် ပြောဆိုမှုများမှာ– |

---

ရင်းမြစ် م ق ل မှ ဆင့်ပွားခြင်း ဖြစ်သည်။ ဤစကားလုံးအား ရင်းမြစ် မစီစစ်ဘဲလျက် အလွယ်လိုက်ကာ မြိုချလိုက်သည်ဟု ဘာသာပြန်ဆို၍၊ သူသည် ငါးကြီး၏ ဝမ်းဗိုက်ထဲတွင် သုံးရက်ကြာ နေထိုင်ရသည် ဟု သမ္မာကျမ်းစာမှ ယောန ၁း၁၇ အတိုင်း အစ္စလာမ် ဒသနများကို မယူသင့်ပေ။ ထို့ပြင် ဤသုတ်တော်မှ **သူသည် အငြိုငြင်ခံရသူတို့မှ ဖြစ်၏** ဆိုသည် မှာလည်း သူ့အား ပရမတ်ဘုရားရှင် အလ္လာဟ်က ငြိုငြင်ခြင်း မဟုတ်ပေ၊ သူ့အား ချန်ထားခဲ့သော သူများမှ ငြိုငြင်၍ ချန်ထားခဲ့ခြင်း ဖြစ်ကြောင်းကို ၁၄၁ တွင် အတိအကျ ဆိုထားပေသည်။

**(၈၈၆)** ကိုယ်တော်အား ပရမတ်ဘုရားရှင်က မကယ်တင်လျှင် ငါး၏ ဝမ်းပိုက်အတွင်းတွင် နေခဲ့ရမည် ဟူသည့် ဝါကျအား သူသည် ငါး၏ ဝမ်းဗိုက်တွင်းသို့ ရောက်ပြီးသွားပြီ၊ ထို့နောက် ပရမတ်ဘုရားရှင်က ကယ်တင်၍ အပြင်သို့ ရောက်လာခဲ့သည်၊ သို့မဟုတ်က သူသည် ရှင်ပြန်ထမြောက်ရမည့်နေ့ထိတိုင် ငါးကြီး၏ ဝမ်းဗိုက်ထဲတွင် နေနေရမည်ဟူသည့် သဘောမျိုး ဖြစ်ရန် ဘာသာ မပြန်သင့်ပေ။ ဤဝါကျမှ ဆိုထားခြင်းမှာ ရှင်းလင်းလှပေသည်။ အကယ်၍သာ အလ္လာဟ်အရှင်က မကူညီခဲ့သော် ဝမ်းဗိုက်တွင်း၌ (မြိုခဲ့သည်။ မမြိုခဲ့သည်ကို မဆိုလို) **နေခဲ့ရမည်** ဟု အနာဂါတ်ကာလပြ (မဖြစ်သေးသည့်) အဓိပ္ပါယ် ဖြစ်ပေသည်။ ကျမ်းချက်မှ ဆိုလိုသည်မှာ– အလ္လာဟ်ကူညီစောင်မ၍ ငါး၏ ဝမ်းဗိုက်အတွင်း၌ မနေခဲ့ရဟူသော အဓိပ္ပါယ်ကိုသာ ရှင်းရှင်းလင်းလင်း ပြောဆိုပေသည်။
**(၈၈၇)** ဤဝါကျသည်လည်း ငါးကြီးက သဲသောင်ပြင်တွင် အံထုတ်လိုက်သည်ဟု ဆိုထားခြင်း မဟုတ်ပေ။ အလ္လာဟ်အရှင်ကသာ သူ့အား ကယ်တင်၍ ကမ်းစပ်တွင် တင်ပေးသည်ဟုသာ ဆိုလိုပေသည်။
**(၈၈၈)** ထိုအပင်သည် သူ့အား သဲသောင်သို့ ကယ်တင်ပြီးမှ ချက်ချင်း ဝုန်းဒိုင်း ပေါက်လာသော အပင် မဟုတ်ချေ။ ကျမ်းတော်တွင် **ပေါက်ရောက်စေပြီးသား** ဖြစ်သည်ဟု သုံးထားပေသည်။

| | |
|---|---|
| ၁၅၂။<br>☆၆း၁၀၁ | وَلَدَ اللّٰهُ وَإِنَّهُمْ لَكَاذِبُونَ۞<br>ပရမတ်ဘုရားရှင်၌ ကိုယ်ပွား ရှိသည်ဟူ၏☆ ကေန် သူတို့သည် မုသာဝါဒီများ ဖြစ်၏။ |
| ၁၅၃။ | أَصْطَفَى الْبَنَاتِ عَلَى الْبَنِينَ۞<br>အရှင်သည် သားများထက် သမီးများကို ပို၍ ရွေးချယ်သလော။ |
| ၁၅၄။ | مَا لَكُمْ كَيْفَ تَحْكُمُونَ۞<br>သင်တို့အား အဘယ်အရာက မည်သို့ စီရင်ထုံးဖြစ်စေသနည်း။ |
| ၁၅၅။ | أَفَلَا تَذَكَّرُونَ۞<br>သင်တို့ ဆင်ခြင်သတိ မရှိကြသလော။ |
| ၁၅၆။ | أَمْ لَكُمْ سُلْطَانٌ مُّبِينٌ۞<br>သို့တည်းမဟုတ် သင်တို့၌ ရှင်းလင်းသော လုပ်ပိုင်ခွင့် ရှိကြသလော။ |
| ၁၅၇။ | فَأْتُوا بِكِتَابِكُمْ إِن كُنتُمْ صَادِقِينَ۞<br>သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ သင်တို့၏ ကျမ်းများကို ပေးအပ်ကြလော့။ |
| ၁၅၈။ | وَجَعَلُوا بَيْنَهُ وَبَيْنَ الْجِنَّةِ نَسَبًا وَلَقَدْ عَلِمَتِ الْجِنَّةُ إِنَّهُمْ لَمُحْضَرُونَ۞<br>သူသည်တို့သည် အရှင်၏အကြား ပုတုဇဉ်၏ အကြား၌ သွေးသားစပ်သည် ဟု စီစဉ်ကြပြီ။ ပုတုဇဉ်တို့က သူတို့ကိုယ် သူတို့ ဆင့်ခေါ်ခံရမည့်သူများ ဖြစ်ကြောင်း သိနေကြ၏။[၈၈၉] |
| ၁၅၉။<br>တင်ပြမှု | سُبْحَانَ اللّٰهِ عَمَّا يَصِفُونَ۞<br>ဦးထိပ်ထားအပ်သည့် ပရမတ်ဘုရားရှင်သည် သူတို့၏ **သီအိုရီ**များနှင့် မဆိုင်ချေ၊ |
| ၁၆၀။ | إِلَّا عِبَادَ اللّٰهِ الْمُخْلَصِينَ۞<br>ပရမတ်ဘုရားရှင်အား သန့်သန့်စင်စင် ကိုးကွယ်သူများမှအပ– |
| ၁၆၁။ | فَإِنَّكُمْ وَمَا تَعْبُدُونَ۞<br>သင်တို့နှင့် သင်တို့၏ ကိုးကွယ်ဆည်းကပ်ရာများသည် |
| ၁၆၂။ | مَا أَنتُمْ عَلَيْهِ بِفَاتِنِينَ۞<br>သင်တို့သည် အရှင့်အား သွေးတိုးစမ်းနိုင်ခြင်း မရှိဘဲ– |
| ၁၆၃။ | إِلَّا مَنْ هُوَ صَالِ الْجَحِيمِ۞<br>ငရဲမီး လောင်ကျွမ်းရမည့် သူများသာ ဖြစ်၏။ |
| ၁၆၄။ | وَمَا مِنَّا إِلَّا لَهُ مَقَامٌ مَّعْلُومٌ۞ |

(၈၈၉) ဤသုတ်တော်၏ ပထမဝါကျမှ **အရှင်နှင့် ပုတုဇဉ်တို့အကြား နီးစပ်မှု ရှိသည်ဟု စီမံကြ၏** ဆိုသည်မှာ ထိုသို့ မအပ်မရာများကို ပူးတွဲ ကိုးကွယ် လိုသူများသည် ထိုပုတုဇဉ် စင်စစ်ဖြစ်သူများကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထား၍ ဆရာတင်မြှောက် ကိုးကွယ်ရန် စီမံကြောင်းကို ဆိုလို ပေသည်၊ ၃၄း၄၀၊ ၄၁။ ဒုတိယ ဝါကျမှ **အသင့်ရောက်ရှိရမည့် သူများ** ဆိုသည်မှာ သူတို့သည်လည်း အခြား လူသားများကဲ့သို့ ပရမတ်ဘုရားရှင်၏ ရှေ့မှောက်သို့ ရောက်ရှိရမည့် သူများ ဖြစ်သည်ဟု ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ကျွန်ုပ်တို့အနက် အသိပေးမခံရသော ရပ်တည်ချက် ရှိသူ ဟူ၍ မရှိချေ။ |
| ၁၆၅။ | وَإِنَّا لَنَحْنُ الصَّافُّونَ ۞<br>ကျွန်ုပ်တို့သည် လျှာထားခံရသူများ ဖြစ်၏။ |
| ၁၆၆။ | وَإِنَّا لَنَحْنُ الْمُسَبِّحُونَ ۞<br>ကျွန်ုပ်တို့သည် အရှင့်အား ဦးထိပ်ထားနေသူများ ဖြစ်၏။ |
| ၁၆၇။ | وَإِنْ كَانُوا لَيَقُولُونَ ۞<br>ကေန်ပင် သူတို့ ပြောဆိုလေ့ရှိသည်မှာ– |
| ၁၆၈။ | لَوْ أَنَّ عِندَنَا ذِكْرًا مِّنْ الْأَوَّلِينَ ۞<br>ကျွန်ုပ်တို့ထံ၌ ရှေးဦးပထမ မျိုးဆက်မှ သတိပေးတရားတော် ရှိခဲ့လေလျှင်– |
| ၁၆၉။ | لَكُنَّا عِبَادَ اللَّهِ الْمُخْلَصِينَ ۞<br>ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်ကိုသာ သန့်သန့်စင်စင် ကိုးကွယ်ခဲ့မည်ပင်၊”ဟု ဖြစ်၏။ |
| ၁၇၀။ | فَكَفَرُوا بِهِ فَسَوْفَ يَعْلَمُونَ<br>သို့သော် သူတို့သည် ၎င်းကို ဖုံးကွယ်ထားကြ၏။ မကြာမီ သူတို့ သိကြရလတ္တံ့။ |
| ၁၇၁။ | وَلَقَدْ سَبَقَتْ كَلِمَتُنَا لِعِبَادِنَا الْمُرْسَلِينَ ۞<br>ငါသည် ငါ၏ အမှုတော်ဆောင် ဥဇ္ဇာတ်စဉ်ဆောင်များဖြင့် ဓမ္မတော်ကို မုချ သတ်မှတ်ခဲ့ပြီ။ |
| ၁၇၂။ | إِنَّهُمْ لَهُمُ الْمَنصُورُونَ ۞<br>ကေန်ပင် သူတို့သည် ကူညီစောင်မခြင်းခံရမည်ပင်။ |
| ၁၇၃။ | وَإِنَّ جُندَنَا لَهُمُ الْغَالِبُونَ ۞<br>ကေန်ပင် ငါ၏ စစ်သည်တော်များသည် အနိုင်ရသူများ ဖြစ်ရလတ္တံ့။ |
| ၁၇၄။<br>မကောင်း | فَتَوَلَّ عَنْهُمْ حَتَّى حِينٍ ۞<br>သို့ဖြစ်၍ **သူ**တို့အား ကာလတစ်ခု အလှည့်ပေးထားလော့။ |
| ၁၇၅။ | وَأَبْصِرْهُمْ فَسَوْفَ يُبْصِرُونَ ۞<br>သူတို့အား မျက်ခြည်မပြတ်စေလင့်၊ သူတို့သည်လည်း မကြာမီ မြင်ရလတ္တံ့။ |
| ၁၇၆။ | أَفَبِعَذَابِنَا يَسْتَعْجِلُونَ ۞<br>သူတို့သည် ငါ ပြဋ္ဌာန်းထားသော ဝဋ်ကြွေးကို အလျှင်လိုနေသလော။ |
| ၁၇၇။<br>ဝဋ်ကြွေး | فَإِذَا نَزَلَ بِسَاحَتِهِمْ فَسَاء صَبَاحُ الْمُنذَرِينَ ۞<br>သို့ဖြင့် သူတို့ပိုင် ဒေသသို့ **၎င်း**အား ချမှတ်သော်၊ သတိပေးခံထားရသော သူတို့အတွက် အကုသိုလ် နံနက်စ ဖြစ်ရလတ္တံ့။ |
| ၁၇၈။ | وَتَوَلَّ عَنْهُمْ حَتَّى حِينٍ ۞<br>သူတို့ထံမှ ကာလတစ်ခု လှည့်ထွက်ခဲ့လေ့။ |

| | |
|---|---|
| ၁၇၉။ | **وَأَبْصِرْ فَسَوْفَ يُبْصِرُونَ۞**<br>မျက်ခြည်မပြတ်စေလင့်၊ သူတို့သည်လည်း မကြာမီ မြင်ရလတ္တံ့။ |
| ၁၈၀။<br><br>တင်ပြမှု | **سُبْحَانَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُونَ۞**<br>ကံကြမ္မာရှင်အား ဦးထိပ်ထားလော့၊ အရှင်သည် သူတို့၏ **သိဝရီ**တို့မှ ကင်းသော ဘုန်းတန်ခိုးတို့၏ ကံကြမ္မာရှင် ဖြစ်၏။ |
| ၁၈၁။ | **وَسَلَامٌ عَلَى الْمُرْسَلِينَ۞**<br>ဉာဏ်စဉ်ဆောင် အပေါင်းတို့ အပေါ်သို့ ငြိမ်းချမ်းပါစေသော်။ |
| ၁၈၂။ | **وَالْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ۞**<br>ရည်သန်စူးစိုက်မှုအပေါင်းသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏။ |